လူတစ်ဦးရှိ အစ္စလာမ်သာသနာတော်၏

လှပတင့်တယ်ခြင်းများအနက် တစ်ခုမှာ

အချည်းနှီး၊အကျိုးမဲ့ကိစ္စများကို

စွန့်လွှတ်ခြင်းဖြစ်သည်။

အဗူဟုရိုင်ရဟ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသ
ည်။ လူတစ်ဦးရှိ အစ္စလာမ်သာသနာတော်၏ လှပတင့်တယ်ခြင်းများအနက် တစ်ခုမှာ
အချည်းနှီး၊အကျိုးမဲ့ကိစ္စများကို စွန့်လွှတ်ခြင်းဖြစ်သည်။
[قال النووي: حديث حسن] [رواه الترمذي وغيره]

တမန်တော်မြတ်(ဆွလ္လလ္လာဟု အလိုင်ဟိဝစလ္လမ်) ကရှင်းလင်းတင်ပြတော်မူခဲ့သည်မှာ - မုစ်လင်မ်တစ်ဦး၏ အစ္စလာမ်သာသနာတော်၏ လှပပြည့်စုံမှုနှင့်သူ၏အီမာန်သက်ဝင်ယုံကြည်မှု၏ ပြည့်စုံမှုမှာ ၎င်းအတွက် အရေးမကြီးသော၊၎င်းနှင့်မသက်ဆိုင်သော၊ ၎င်းအတွက် အကျိုးမရှိသော စကားများနှင့် အပြုအမူများကိုစွန့်လွှတ်ခြင်း သို့တည်းမဟုတ် သာသနာနှင့် လောကီအရေး ကိစ္စရပ်များမှ ၎င်းအတွက်အကျိုးမရှိသော အရာများကို စွန့်လွှတ်ရှောင်ကြဉ်ခြင်းပင်ဖြစ်သည်။အဘယ်ကြောင့်ဆိုသော် လူတစ်ဦးအဖို့အရေးမကြီးသောအရာများကို လုံးပန်းခြင်းသည်၎င်းအတွက် အရေးကြီးသောအရာများမှ ဝေးကွာစေနိုင်ကာ ရှောင်ကြဉ်အပ်သောအရာများသို့ရောက်ရှိစေနိုင်သောကြောင့်တည်း။ ဧကန်မုချ၊ လူသားသည် ကိယာမသ်နေ့တွင်မိမိ၏ပြုမူကျင့်ကြံမှုများနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းခြင်းခံရမည်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/65255